စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

မြို့နယ်ဦးစီးမှူးရုံး၊ မိုးကောင်းမြို့

သစ်စိမ်းမြေဩဇာ(Green manure) စိုက်ပျိုးထည့်သွင်းခြင်း၏ ကောင်းကျိုးများ



စာတမ်းရှင်အမည်- ဒေါ်အိသူသူအောင်
လက်ထောက်ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန

မိုးကောင်းမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ

(က) ရာသီဥတု ၂၀၂၁ခုနှစ် ၊မိုးရွာရက် (၉၈)ရက် /မိုးရေချိန်(၆၈.၅၀)လက်မ

နှင့်ပထဝီဝင် အပူချိန်အနိမ့်(၁၀) ၊ အမြင့်(၃၂) ဒီဂရီစင်တီဂရိတ်

ပင်လယ်ရေမျက်နှာပြင်အမြင့် (၄၇၀ - ၇၇၅) ပေ

(ခ) မြို့နယ် ရပ်ကွက် - မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်

ကျေးရွာအုပ်စု - ကျေးရွာအုပ်စု(၃၇) အုပ်စု

ကျေးရွာခွဲပေါင်း - ၇၉ ရွာ

နိဒါန်း

မိုးကောင်းမြို့နယ် အတွင်းရှိ အချို့ စိုက်ပျိုးမြေများသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ၊ ရာသီဥတုဖေါက်ပြန်မှု ၊ အပူချိန်မြင့်တက်မှု ၊ မိုးရွာသွန်းမှု များခြင်း / နည်းခြင်း၊ ရေကြီးခြင်း / မိုးခေါင်ခြင်းတို့ကြောင့် သီးနှံအတွက်လိုအပ်သော အာဟာရဓါတ်များ ဆုံးရှုံး လျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ သီးနှံအတွက် လိုအပ်သော အဟာရဓါတ်များ မြေဆီလွှာအတွင်း ပြန်လည် ဖြည့်တင်းပေးနိုင်ရန် နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးမှု ဖြစ်ပေါ်လာစေရန် သစ်စိမ်းမြေ သြဇာ စိုက်ပျိုးထည့်သွင်းခြင်း စံပြကွက်ကို ပြုလုပ်ရခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်

- မြေဆီလွှာအတွင်း သစ်ဆွေးခါတ် ကြွယ်ဝစေပြီး သီးနှံအတွက်လိုအပ်သော အာဟာရခါတ်များ ဖြည့်ဆည်းပေးနိုင်ရန်
- မြေဆီလွှာ ပျက်စီးမှု လျော့ချနိုင်ရန်
- အစိုခါတ် ထိန်းသိမ်းနိုင်မှု ကောင်းမွန်လာစေရန်
- ရောဂါ နှင့် ပိုးမွှားကျရောက်မှု လျော့နည်းစေရန်
- အရည်အသွေးကောင်း သီးနှံများ ထုတ်လုပ်နိုင်စေရန်
- ရေရှည်တည်တံ့သော စိုက်ပျိုးမှုစနစ်ဖြစ်ပေါ်စေရန်

သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းဖြင့်ရရှိလာသော ကောင်းကျိုးများ

- အပင်များအစိမ်းအတိုင်း ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် သစ်ဆွေးမာတ်နှင့် အာဟာရများစွာ ရရှိစေခြင်း
- သစ်စိမ်းမြေဩဇာပင် စိုက်ပျိုးမှုကြောင့် ပေါင်းပင်ပေါက်ရောက်မှုကာကွယ်ခြင်း
- မြေဆီလွှာအတွင်း အကျိုးပြုသက်ရှိများ ပွားများစေနိုင်ခြင်း
- ပဲမျိုးနွယ်ဝင်ပင်များ ဖြစ်သည့်အတွက် လေထုထဲရှိ နိုက်ထရိုဂျင်မာတ်ကို မြေဆီလွှာထဲသို့ဖြည့်ဆည်းပေးနိုင်ခြင်း
- မြေသားဖွဲ့စည်းမှုကောင်း၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှု ဖြစ်ပေါ်စေခြင်း
- ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ် အချိုးများခြင်း

သစ်စိမ်းမြေဩဇာပင် စိုက်ပျိုးရာတွင် လုပ်ဆောင်ရမည့်အချက်များ

- လိုအပ်ချက်နှင့် ကိုက်ညီသည့် မှန်ကန်သော သစ်စိမ်းမြေဩဇာပင်ကို ရွေးချယ်ပါ။
- မြေချဉ်ငန်ဓာတ် တိုင်းတာစစ်ဆေးပါ။
- အစေ့သေးငယ်သော သစ်စိမ်းမြေဩဇာပင်(ဥပမာ–ပိုက်ဆံလျှော်ပင်) ဖြစ်ပါက မကြဲမီအထူအပါးညီစေရန် သဲဖြင့်ဆတူရောရှိ ကြဲပက်ပါ။
- ပဲမျိုးနွယ်ဝင်ပင် ဖြစ်ပါက မြစ်ဖုများများထွက်စေရန် ဇီဝမြေဩဇာဖြင့်လူးနယ် စိုက်ပျိုးပါ။
- ပိုက်ဆံလျှော်ပင်များ ထယ်ထိုးမြုပ်ထားပြီး နောက်သီးနှံ မစိုက်ပျိုးမီ ကောင်းစွာဆွေးမြှေစေရန် အနည်းဆုံး (၂–၃)ပတ်ခန့်ထားပါ။

သစ်စိမ်းမြေဩဇာ အမျိုးအစားများနှင့် ပါဝင်သည့်အာဟာရဓာတ်များ

စဉ်	သစ်ရွက်စိမ်းမြေဩဇာ	နိုက်ထရိုဂျင် %	ဖော့စဖိတ် %	ပိုတက်ဆီယမ် %
၁	ပိုက်ဆံလျှော်	၃.၀၈	၀.၄၅	၃.၄၇
၂	ညုံပင်	၃.၂၂	၀.၂၈	၀.၉၅
၃	ဘောစကိုင်း	၂.၃၀	၀.၂၀	၁.၅၆
၄	ပဲလွမ်း	၂.၇၀	၀.၅၀	၁.၂၀
၅	ပဲတီစိမ်း	၂.၃၀	၀.၅၀	၁.၂၀
၆	မတ်ပဲ	၁.၀၅	၀.၃၅	၁.၂၀
၇	ကောက်ရိုး	၀.၉၄	၀.၀၅	၁.၇၆
၈	စပါးခွံ	၀.၅၉	၀.၀၇	၀.၁၆
၉	ထိကရုန်း	၂.၆၁	၀.၃၀	၁.၄၉

ပိုက်ဆံလျှော်ပင်(၄၅)ရက်သား

နိုက်ထရိုဂျင်-၈၆%

ဖော့စဖရပ်-၁၁%

ပိုတက်ရှ်-၄၈%

ပိုက်ဆံလျှော်ပင်(၆၅)ရက်သား

နိုက်ထရိုဂျင်-၆၂%


ဖော့စဖရပ်-၈%

ပိုတက်ရှ်-၁၉%


Source . Soil Science Section . Lab Data (DAR)

သစ်စိမ်းမြေဩဇာ (Green manure)စိုက်ပျိုးခြင်း ဆောင်ရွက်ခဲ့မှု





စဉ်	တောင်သူ	ကျေးရွာ	ကွင်း	ဦးပိုင်	ကေ
၁	ဦးဆန်းဝင်း	ကညင်မြိုင်	၁၃၁	၁၁	၅



သစ်စိမ်းမြေဩဇာ (Green Manure) စိုက်ပျိုးမှု

မျိုးအမည်	-	ပိုက်ဆံလျှော်
ရရှိရာဒေသ	-	ဝက်တိုးခြံ (စစ်ကိုင်းတိုင်း)
(၁)ကေမျိုးစေ့နှုန်း	-	(၄-၅)ပြည်
ကြဲပက်စိုက်ပျိုးသည့်နေ့	-	၁၅.၅.၂၀၂၁
ထယ်ထိုးမြေမြှုပ်သည့်နေ့	-	၂၉.၆.၂၀၂၁ (၄၅ ရက်သား)

မစိုက်ပျိုးမှီ မြေနမူနာ ရယူစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံ





သစ်စိမ်းမြေဩဇာ (Green Manure) စိုက်ပျိုးမှု မှတ်တမ်းဓါတ်ပုံများ







သစ်စိမ်းမြေဩဇာ (Green Manure) အပင်ဖြစ်ထွန်းမှု မှတ်တမ်းဓါတ်ပုံများ









သစ်စိမ်းမြေဩဇာ (Green Manure)စံကွက်ရိုတ်ခြင်းနှင့် ထွန်ယက်မြေမြှုပ်မှု မှတ်တမ်းဓာတ်ပုံ









ပိုက်ဆံလျော်ပင် သစ်စိမ်းမြေဩဇာ (Green Manure) အလေးချိန် ချိန်တွယ်ခြင်း

၆.၆ပေ စံကွက်အလေးချိန်	=	၆.၈ပိဿာ
		(၀.၀၁၀၈၈ တန်)
တစ်ကေအတွက် ထယ်ထိုးမြုပ်နှံမှု အလေးချိန်	=	၁၀.၈၈တန်

ပိုက်ဆံလျှော်ပင် သစ်စိမ်းမြေဩဇာ (Green Manure)
(၁) ကေကုန်ကျစရိတ်နှင့် အကျိုးအမြတ်

မျိုးစေ့	- ၄ ပြည် x ၂၅၀၀/	= ၁၀၀၀၀/
မြေပြုပြင်ခြင်း ထယ်	- ၁စပ် x ၃၀၀၀/	= ၃၀၀၀/
ထွန်	- ၂စပ် x ၂၀၀၀/	= ၄၀၀၀/
မျိုးစေ့ကြဲပက်ခ	- ၁ ဦး x ၇၀၀/	= ၇၀၀/
မြေမြှုပ် / ခုတ်ဖုံးခြင်း ထယ်	- ၁စပ် x ၃၀၀၀/	= ၃၀၀၀/
စုစုပေါင်းကုန်ကျစရိတ်	= ၁၁၇၀၀/	

အကျိုးအမြတ် တစ်ကေပိုက်ဆံလျှော် (အစို)		= ၁၀.၈၈ တန်
ရရှိမည့် အဟာရ ဓာတ် ယူရီးယား (N)	= ၃ အိတ် x ၈၀၀၀/	= ၂၄၀၀၀/
ဖော့စဖရပ်စ် (P)	= ၀.၅ အိတ် x ၆၅၀၀/	= ၃၂၅၀/
ပိုတက်ရ် (K)	= ၄ အိတ် x ၇၅၀၀/	= ၃၀၀၀၀/
စုစုပေါင်း အကျိုးအမြတ်	= ၅၇၂၅၀/	

ပိုမိုထွက်ရှိသည့်စပါးတင်း = ၃၀ တင်း

ကုန်ကျစရိတ်နှင့် အကျိုးအမြတ် အချိုး = ၁:၅

တစ်ကေကုန်ကျစရိတ်	အကျိုးအမြတ်	ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အချိုး
၁၁၇၀၀၀(ကျပ်)	၅၇၂၅၀၀(ကျပ်)	၁:၅

သစ်စိမ်းမြေဩဇာ ထည့်သွင်းပြီး မိုးစပါး အောင်မြင်မှု မှတ်တမ်းဓါတ်ပုံများ









သစ်စိမ်းမြေဩဇာ ထည့်သွင်းပြီး မိုးစပါး စံကွက်ရိတ်သိမ်းခြင်း မှတ်တမ်းဓါတ်ပုံများ







ပိုက်ဆံလျှော်ပင် သစ်စိမ်းမြေဩဇာ (Green Manure) ထည့်သွင်းခြင်း၏ နှိုင်းယှဉ်ဖော်ပြချက်

အကြောင်းအရာ	မထည့်သွင်းမီ	ထည့်သွင်းပြီး
Soil PH	၅.၃	၅.၈
သီးနှံအမည်	မိုးစပါး	မိုးစပါး
မျိုးကွဲအမည်	ဆင်းကရီ-၃	ဆင်းကရီ-၃
စိုက်ပျိုးနည်းစနစ်	ပျိုးထောင်စိုက်	ပျိုးထောင်စိုက်
သွင်းအားစု ဓာတ်မြေဩဇာ	မထည့်	မထည့်
ရောဂါကျရောက်မှု	ခံနိုင်ရည် မရှိ	ခံနိုင်ရည် ရှိ
အပင်ဖြစ်ထွန်းမှု	အားနည်း	ကောင်း
အထွက်နှုန်း(တင်း)	၇၅ တင်း	၁၀၅ တင်း

သစ်စိမ်းမြေဩဇာ ထည့်သွင်းပြီး မိုးစပါးရိတ်သိမ်းပြီးနောက်မြေဆီလွှာပြန်လည်စစ်ဆေးခြင်း မှတ်တမ်းဓါတ်ပုံများ









နည်းပညာဖြန့်ဝေမှုအစီအစဉ်

- ICTနည်းပညာ
  - Viber group တောင်သူ - ၆၂ ဦး မေးခွန်းပေါင်း - ၉၈ ခု
  - Messanger group တောင်သူ - ၂၃၅ ဦး မေးခွန်းပေါင်း - ၂၇၇ ခု
  - Facebook Page DOA Kachin ၊ DOA Mogaung
  - Application share - out တောင်သူ - ၃၃၅ ဦး
- သင်တန်းနှင့် ကွင်းသရုပ်ပြပွဲ
- Farmer to Farmer (Extention approach)







တွေ့ရှိချက်

- မြေ ချဉ်/ ဓာတ် အနည်းငယ် မြင့်တတ်လာခြင်း
- နိုက်ထရိုဂျင်ဓာတ် မြင့်တတ်လာခြင်း
- ရေစိမ့်ဝင်မှု အားကောင်းလာ၍ အစိုဓာတ်ထိန်းသိမ်းမှု ကောင်းမွန်လာခြင်း
- မြေသားဖွဲ့စည်းမှုကောင်းမွန်လာသဖြင့် မြေပြုပြင်ရမှု လွယ်ကူလာခြင်း
- ပိုးမွှားရောဂါဒဏ် ခံနိုင်ရည် ရှိလာခြင်း
- သီးနှံအထွက်နှုန်း တိုးတက်လာခြင်း

သုံးသပ်ချက်

- ကုန်ကျစရိတ်နည်းပြီး အချိန်တိုအတွင်း မြေဆီလွှာဖွဲ့ဖြိုးမှုနှင့် အာဟာရဓာတ် တိုးတက်မှုများခြင်း
- ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဓာတ်မြေဩဇာသွင်းအားစုသုံးစွဲမှု လျော့ချနိုင်ခြင်း
- ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူဖြစ်စေခြင်း

စသည့် အကျိုးကျေးဇူးများကို လေ့လာတွေ့ရှိရသဖြင့် ပိုက်ဆံလျှော်ပင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးထည့်သွင်းခြင်းကို ဆက်လက်ပိုမိုစိုက်ပျိုးဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါသည်။

အကြံပြုချက်

- တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာပိုမိုထုတ်လုပ်နိုင်စေရန် မြေဆီလွှာ ကျန်းမာရေးသည် အရေးကြီးသည့်အတွက် ရေရှည်တည်တံ့သော မြေဆီဖွံ့ဖြိုးမှုရရှိစေရေး ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာကို ထည့်သွင်းစိုက်ပျိုး သင့်ပါသည်။

- ဓါတ်မြေဩဇာ ဈေးနှုန်းကြီးမြင့်သဖြင့် ကုန်ကျစရိတ်လျော့နည်းနိုင်စေရန် ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာ စိုက်ဧကများများ စိုက်ပျိုး ဆောင်ရွက်သင့်ပါသည်။

- မျိုးစေ့များအလွယ်တကူရရှိစေရန် ပြည်နယ်အတွင်းရှိ မျိုးစေ့ခြံများနှင့် မြို့နယ်များမှ မျိုးစေ့ထုတ်စိုက်ခင်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးသင့်ပါသည်။

References

- *Soil Science Section . Lab Data (DAR)*
- *Sustainable Agriculture Extension Manual ပါ Green Manuring*

  Dr. Han Phyo Aung ဘာသာပြန်ရေးသားခြင်း

ကျေးဇူးတင်ပါသည်။